
27 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ

### အရပ်သားသေဆုံးမှုများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသော အရပ်သား **၁,၂၉၃ ဦး**ထက်မနည်း ရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ သိရသည်။ အဆိုပါ **၁,၂၉၃ ဦး**အနက် အချက်အလက်သိရသူ **၁,၂၂၄ ဦး** ရှိပါသည်။ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများစွာ ရှိနိုင်ပါသည်။ ယခုစာရင်းတွင် တိုက်ပွဲဖြစ်စဉ်များအတွင်း သေဆုံးခဲ့သော အရပ်သား **၂၅၂ ဦး**ကို ထည့်သွင်းထားခြင်း မရှိသေးပါ။ ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စစ်ကောင်စီဘက်က ထုတ်ပြန်ထားသော အချက်အလက်များလည်း ပါဝင်ခြင်းမရှိသေးဘဲ ၎င်းတို့၏ ထုတ်ပြန်ချက်များကို **စာမျက်နှာ ၂၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် ၁၄** တို့တွင် သီးခြားဖော်ပြထားပါသည်။ AAPP က ပြုစုထားသောစာရင်းများကို စစ်ကောင်စီက ငြင်းဆန်ထားသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ

### သေဆုံးသူ အရေအတွက် ထုတ်ပြန်ချက်များ

**၁,၂၉၃+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူ **၁,၂၉၃ ဦး** ထက်မနည်းရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ သိရသည်။

**၂,၉၄၁**


အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်များအရ ဇွန်မှ နိုဝင်ဘာ ၆ ရက်အထိ ဖြစ်ခဲ့သော တိုက်ပွဲများနှင့် ပဋိပက္ခဖြစ်စဉ်များအတွင်း စစ်ကောင်စီဘက်မှ **၂,၉၄၁ ဦး** သေဆုံးသည်ဟု ဆိုပါသည်။ *

**၉၀၈**

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်များအရ ၂၀၂၁ ခုနှစ် ဇွန်မှ နိုဝင်ဘာ ၆ ရက်အထိ ဖြစ်ခဲ့သော တိုက်ပွဲများနှင့် ပဋိပက္ခဖြစ်စဉ်များအတွင်း အရပ်သား **၉၀၈ ဦး** သေဆုံးခဲ့ကြောင်း သိရသည်။ အရပ်သားဒဏ်ရာရရှိမှု **၃၅၆ ဦး** ရှိကြောင်း သိရှိရပါသည်။ သေဆုံးသူများအနက် **၄၃၉ ဦး**သည် (NUG က ခုခံတွန်းလှန်စစ် ကြေညာခဲ့သော) စက်တင်ဘာ ၇ ရက်နောက်ပိုင်း သေဆုံးခဲ့ခြင်းဖြစ်သည်။*

**၁,၅၆၄**

စစ်ကောင်စီ၏ ထုတ်ပြန်ချက်များအရ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ သေဆုံးသူ **၁,၅၆၄ ဦး** ရှိခဲ့သည်။ အဆိုပါ ကိန်းဂဏန်းသည် စစ်ကောင်စီက နိုဝင်ဘာလအတွင်း သီးခြားဖော်ပြနေသော သေဆုံးမှုဆိုင်ရာ ထုတ်ပြန်ချက်များ၊ စက်တင်ဘာ ၉ ရက်တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံအခြေစိုက် သံတမန်များအား ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည့် အချက်အလက်များ၊ အောက်တိုဘာ ၂၄ ရက်တွင် ဖော်ပြခဲ့သည့် အချက်အလက်များနှင့် သတင်း မီဒီယာများအား ပြောကြားခဲ့သည့် အချက်အလက်များအပေါ် အခြေပြုထားခြင်းဖြစ်သည်။ သေဆုံးသူများ အနက် အမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ *




(*) အဆိုပါ အချက်အလက်များသည် ၎င်းတို့၏ ထုတ်ပြန်ချက်သာဖြစ်ပြီး လွတ်လပ်သော အဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက်မရှိပါ။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

သေဆုံးမှုအချက်အလက်များ

### တိုက်ပွဲများနှင့် အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုများကြောင့် သေဆုံးခဲ့ရသော အရပ်သားများ





၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူအရေအတွက်မှာ **၁,၅၄၅ ဦး**ထက်မနည်း ရှိခဲ့သည်။ ISP-Myanmar က လက်လှမ်းမီသမျှ စုစည်းခဲ့သော အချက်အလက်များအရ တိုက်ပွဲများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရသည့် အရပ်သားပြည်သူ **၂၅၂ ဦး**ထက်မနည်းရှိသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ နိုဝင်ဘာ ၂၅ ရက် စာရင်းအရ စစ်ကောင်စီ၏ အကြမ်းဖက်ဖြိုခွဲမှုနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူအရေအတွက်မှာလည်း **၁,၂၉၃ ဦး**ထက်မနည်း ရှိခဲ့သည်။ ယခု အချက်အလက်များသည် AAPP နှင့် ISP-Myanmar က လက်လှမ်းမီသမျှ စုစည်းထားသည့် အချက်အလက်များကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး မြေပြင်အခြေအနေတွင် ပိုများနိုင်သည်။ ထို့အပြင် ယခုစာရင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စစ်ကောင်စီက ထုတ်ပြန်ထားသော ကိန်းဂဏန်းများကို ထည့်သွင်းထားခြင်းမရှိဘဲ ၎င်းတို့၏ဖော်ပြချက်များကို **စာမျက်နှာ ၂၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် ၁၄** တွင် သီးခြားဖော်ပြထားပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

### သေဆုံးမှုအချက်အလက်များ

**■ ဖမ်းဆီးခံရပြီးနောက် သေဆုံးခဲ့ရသူများ**





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ နိုဝင်ဘာ ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိ သောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော **အရပ်သား ၁,၂၉၃ ဦး**ကျော်အနက် ဖမ်းဆီးခံရပြီးနောက် သေဆုံးခဲ့ရသူ အရပ်သား **၁၆၁ ဦး**ထက်မနည်း ရှိပါသည်။ အဆိုပါ **၁၆၁ ဦး**အနက် ဖမ်းဆီးခံရစဉ် **ညှဉ်းပန်းနှိပ်စက်ခံရမှုကြောင့်** သေဆုံးသူ **၇၈ ဦး** ၊ **စစ်ကြောရေးတွင်** သေဆုံးခဲ့ရသူ **၆၃ ဦး**၊ **ရဲစခန်းနှင့် အကျဉ်းထောင်များ** စသည့်နေရာတို့တွင် သေဆုံးခဲ့ကြသူ **၂၀ ဦး**တို့ ပါဝင်ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPPက ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ

### စစ်ကြောရေး၊ ရဲစခန်းနှင့် အကျဉ်းထောင်များတွင် သေဆုံးခဲ့ရသူများ


ဒေသအလိုက် သေဆုံးခဲ့ရသူများ




သေဆုံးခဲ့ရသော ကျား/မ အရေအတွက်




သေဆုံးခဲ့ရသော အသက်အပိုင်းအခြား






၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ နိုဝင်ဘာ ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီးနောက် စစ်ကြောရေး၊ ရဲစခန်းနှင့် အကျဉ်းထောင်များစသည့်နေရာတို့တွင် သေဆုံးခဲ့ရသူ **၈၃ ဦး** ထက်မနည်း ရှိပါသည်။ ထိုသို့ သေဆုံးခဲ့ရသူများအနက် **မန္တလေးတိုင်း**တွင် အများဆုံးဖြစ်ပြီး **၁၉ ဦး**အထိ ရှိခဲ့သည်။ **စစ်ကိုင်းတိုင်း**တွင် ဒုတိယအများဆုံးဖြစ်ပြီး **၁၈ ဦး**ရှိကာ၊ **ရန်ကုန်တိုင်း**တွင် **၁၆ ဦး** ရှိပါသည်။ အသက်အပိုင်းအခြား အနေဖြင့် **အသက် ၁၈ နှစ်မှ ၄၀ အကြား** လူငယ်၊ လူရွယ်အများအပြား သေဆုံးခဲ့ရသည်။ သေဆုံးသူစုစုပေါင်း **၅၀ ဦး**ထက်မနည်းရှိခဲ့သည်။ **အသက် ၄၁ နှစ်မှ ၅၀ အကြား** သေဆုံးရသူ အရေအတွက်မှာ ဒုတိယအများဆုံး ဖြစ်ခဲ့ပြီး **၉ ဦး**ထက်မနည်း ရှိခဲ့ပါသည်။ ကျား၊မ အရေအတွက်အားဖြင့် **အမျိုးသား ၇၈ ဦး**ထက်မနည်း သေဆုံးခဲ့ရပြီး **အမျိုးသမီး ၅ ဦး**ထက်မနည်း သေဆုံးခဲ့ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်း ဖြစ်သည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်၊ အသက်အုပ်စုနှင့် ဒေသ








၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော အရပ်သား **၁,၂၉၃ ဦး**ကျော်အနက် **ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၂၃ ဦး** ထက်မနည်း ရှိခဲ့သည်။ သေဆုံးရသော အကြောင်းအရင်း သိရသူ **၁,၀၁၄ ဦး**အနက် **၁၂ ရာခိုင်နှုန်း**မှာ ဦးခေါင်းပစ်ခတ်ခံရခြင်းဖြစ်သည်။ ဦးခေါင်းပစ်ခံရသူ အများဆုံးမှာ **စစ်ကိုင်းတိုင်း** တွင်ဖြစ်ပြီး **၃၀ ဦး**အထိ ရှိခဲ့ပါသည်။ **မန္တလေးတိုင်း**တွင် ဒုတိယ အများဆုံးဖြစ်ပြီး **၂၈ ဦး**ရှိကာ၊ **ရန်ကုန်တိုင်း တွင် ၂၃ ဦး**ရှိပါသည်။ ယခုကိန်းဂဏန်းများကို AAPP ၏ မှတ်တမ်းများမှ ရယူထားခြင်း ဖြစ်သည်။ AAPP စာရင်းများကို စစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ

### အရပ်သားသေဆုံးမှု (အသက်အုပ်စု)





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသည့်အရပ်သား **၁,၂၉၃ ဦး**ကျော်အနက် အသက်အတိအကျသိရှိရသူ **၉၅၂ ဦး**အား ပိုင်းခြားစိစစ်ခဲ့ရာ **အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း** သေဆုံးသူအရေအတွက်က အများဆုံးဖြစ်သည်။ အသက်အတိအကျ မသိရသူ **၃၄၁ ဦး** ရှိပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

27 November, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

သေဆုံးမှုအချက်အလက်များ

### အရပ်သားသေဆုံးမှု (ကျား/မ အရေအတွက်)





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော အရပ်သား **၁,၂၉၃ ဦး**ကျော်အနက် (ကျား/မ အတိအကျသိရှိရသော စာရင်းများအရ) **၁,၁၃၃ ဦး**သည် **အမျိုးသား**များဖြစ်ပြီး **၉၁ ဦး**မှာ **အမျိုးသမီး**များဖြစ်သည်။ ကျန် **၆၉ ဦး**မှာ အတိအကျ မသိရှိရပေ။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ


### အရပ်သားသေဆုံးမှု (ဒေသအလိုက်)




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော အရပ်သား **၁,၂၉၃ ဦး** ကျော်အနက် မည်သည့်ဒေသများ၌ အများဆုံးသေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မပါဝင်ဘဲ ကျန်ရှိမှုများ ရှိနိုင်ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)
### သေဆုံးမှုအချက်အလက်များ

### အမျိုးသားညီညွတ်ရေးအစိုးရ(NUG) က ထုတ်ပြန်သော ကိန်းဂဏန်းများ




ယခုဖော်ပြပါ အချက်အလက်များသည် ၂၀၂၁ ခုနှစ် ဇွန်မှ နိုဝင်ဘာ ၇ ရက်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များအပေါ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကိန်းဂဏန်းအချက်အလက် ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်း ဖြစ်သည်။ အဆိုပါ အချက်အလက်များအရ ဇွန်မှ နိုဝင်ဘာ ၇ ရက်အတွင်း တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်ပေါင်း **၂,၅၃၀ ကြိမ်** ဖြစ်ပွားခဲ့သည်ဟုဆိုပါသည်။ တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များဟုဆိုရာတွင် လက်နက်ကိုင်တိုက်ပွဲများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှုများ၊ ပေါက်ကွဲမှုများ၊ လုပ်ကြံခံရမှုများ စသဖြင့်ပါဝင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၁ ခုနှစ် ဇွန်မှ နိုဝင်ဘာ ၇ ရက်အထိ အဆိုပါဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသည့် အရပ်သား စုစုပေါင်း **၉၀၈ ဦး**နှင့် ထိခိုက်ဒဏ်ရာရရှိသူ **၃၅၆ ဦး** ရှိခဲ့ကြောင်း၊ စစ်ကောင်စီဘက်မှ သေဆုံးရသူအရေအတွက်မှာလည်း **၂,၉၄၁ ဦး** အထိ ရှိကြောင်း သိရပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။
ဖော်ပြပါ အချက်အလက်များအတွက် လွတ်လပ်သောအဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ

### သေဆုံးခဲ့သော အစိုးရဝန်ထမ်းအရေအတွက်

**စစ်ကောင်စီ၏ထုတ်ပြန်ချက်ဖြစ်ပြီး လအလိုက်နှင့် ဒေသအလိုက်ပိုင်းခြားဖော်ပြထားသည်။**




စစ်ကောင်စီ၏ နိုဝင်ဘာ ၂၄ ရက် ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည့် **အစိုးရဝန်ထမ်း ၃၈ ဦး** ရှိခဲ့ကြောင်း ဖော်ပြထားသည်။ **မကွေးတိုင်း**တွင် သေဆုံးမှုအများဆုံး ဖြစ်ပြီး **၁၀ ဦး**ရှိကာ၊ **စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း**တွင် **၇ ဦး**စီ သေဆုံးခဲ့သည်ဟု ဆိုပါသည်။ **အောက်တိုဘာလ**အတွင်း သေဆုံးမှုအများဆုံးဖြစ်ခဲ့ပြီး **၁၅ ဦး**အထိ ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ဒဏ်ရာရရှိခဲ့သူ **၇၉ ဦး**ခန့်ရှိကြောင်း သိရသည်။


ရည်ညွှန်း - ယခုအချက်အလက်များသည် စစ်ကောင်စီ၏ ထုတ်ပြန်ချက်သာဖြစ်ပြီး လွတ်လပ်သော အဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက်မရှိပါ။

27 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)
## သေဆုံးမှုအချက်အလက်များ

### သေဆုံးခဲ့သော အစိုးရဝန်ထမ်း အမျိုးအစား

**စစ်ကောင်စီ၏ထုတ်ပြန်ချက်ဖြစ်ပြီး သေဆုံးခဲ့သော အစိုးရဝန်ထမ်း အမျိုးအစားဖြစ်ပါသည်။**




စစ်ကောင်စီ၏ နိုဝင်ဘာ ၂၄ ရက် ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် သေဆုံးခဲ့သော အစိုးရဝန်ထမ်း **၃၈ ဦး** ရှိခဲ့ပြီး အများစုမှာ ပညာရေးဝန်ထမ်းများဖြစ်သည်။ **ပညာရေးဝန်ထမ်း ၁၂ ဦး** သေဆုံးခဲ့ပြီး **မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတွင် လေးဦးစီဖြင့် ၈ ဦး၊ မကွေးတိုင်းတွင် နှစ်ဦး၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း**တို့တွင် **တဦးစီ**ဖြင့် **နှစ်ဦး** ဖြစ်ပါသည်။ ဒုတိယအများဆုံးသေဆုံးသူများမှာ ထွေ/အုပ်ဝန်ထမ်းများဖြစ်ပြီး စုစုပေါင်း **၇ ဦး** ဖြစ်ပါသည်။

ရည်ညွှန်း – ယခုအချက်အလက်များသည် စစ်ကောင်စီ၏ ထုတ်ပြန်ချက်သာဖြစ်ပြီး လွတ်လပ်သော အဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက်မရှိပါ။


27 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ

### သေဆုံးခဲ့သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အရေအတွက်

**စစ်ကောင်စီ၏ထုတ်ပြန်ချက်ဖြစ်ပြီး ဒေသအလိုက် သေဆုံးခဲ့ရသောအရေအတွက်ကို ဖော်ပြထားသည်။**




စစ်ကောင်စီ၏ နိုဝင်ဘာ ၂၃ ရက် ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် သေဆုံးခဲ့သော ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး၊ ရာအိမ်မှူးနှင့် ရပ်/ကျေးစာရေး စုစုပေါင်း **၁၉၈ ဦး** ရှိသည်ဟု ဆိုပါသည်။ အဆိုပါ သေဆုံးခဲ့မှုများအနက် **စစ်ကိုင်းတိုင်း**တွင် အများဆုံး ဖြစ်ပြီး **၅၅ ဦး**၊ မန္တလေးတိုင်းတွင် **၄၄ ဦး** ဖြင့် ဒုတိယအများဆုံးရှိကာ၊ **ရန်ကုန်တိုင်းတွင် ၃၀ ဦး** ရှိကြောင်း ဖော်ပြထားပါသည်။


ရည်ညွှန်း – ယခုအချက်အလက်များသည် စစ်ကောင်စီ၏ ထုတ်ပြန်ချက်သာဖြစ်ပြီး လွတ်လပ်သော အဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက်မရှိပါ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၂)

## သေဆုံးမှုအချက်အလက်များ

### သေဆုံးခဲ့သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အမျိုးအစား

**စစ်ကောင်စီ၏ထုတ်ပြန်ချက်ဖြစ်ပြီး သေဆုံးခဲ့သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အမျိုးအစား ဖြစ်ပါသည်။**




စစ်ကောင်စီ၏ နိုဝင်ဘာ ၂၃ ရက် ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သော ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး၊ ရာအိမ်မှူးနှင့် ရပ်/ကျေးစာရေး စုစုပေါင်း **၁၉၈ ဦး** ရှိခဲ့ပါသည် ။ ၎င်းတို့အနက် **ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူးများ** အများဆုံး သေဆုံးခဲ့ပြီး **၁၄၀ ဦး** ရှိခဲ့သည်။ သေဆုံးခဲ့သော **ရာအိမ်မှူး ၅၂ ဦး**ရှိပြီး **ရပ်/ကျေးစာရေး ၆ ဦး** သေဆုံးခဲ့ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များသည် စစ်ကောင်စီ၏ ထုတ်ပြန်ချက်သာဖြစ်ပြီး လွတ်လပ်သော အဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက်မရှိပါ။